# မွန်ပြည်နယ်အလတ်စားနှင့်အသေးစား ပုဂ္ဂလိက
# လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာဥပဒေ
# ( ၂၀၁၆ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄။ )
# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်
# ( ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်အလတ်စားနှင့်အသေးစား ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပြည်နယ်ဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာဝန်ကြီးကို ဆိုသည်၊

(င) **စစ်ဆေးရေးမှူးချုပ်** ဆိုသည်မှာ ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၄၄)၊ လျှပ်စစ်ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုကျင့်သုံးဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးဌာနက ခန့်အပ်သော ပုဂ္ဂိုလ်ကို ဆိုသည်၊

(စ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အလတ်စားနှင့်အသေးစားပုဂ္ဂလိက လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ယူကြီးကြပ် ဆောင်ရွက်သည့် ကော်မတီကို ဆိုသည်၊

(ဆ) **လျှပ်စစ်ဓာတ်အား** ဆိုသည်မှာ စွမ်းအင်အရင်းအမြစ်တစ်မျိုးမျိုးကို အသုံးပြု၍ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်၊

(ဇ) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း** ဆိုသည်မှာ နည်းပညာတစ်ခုခု အသုံးပြု၍ စွမ်းအင်အရင်းအမြစ်တစ်မျိုးမျိုးမှ စီးပွားဖြစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆိုသည်၊

(ဈ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား သုံးစွဲသူများထံသို့ သတ်မှတ်ထားသော ဗို့အား၊ လျှပ်စီးနှင့်ကြိမ်နှုန်းတို့ဖြင့် စနစ်တကျ ဓာတ်အားဖြန့်ဖြူးခြင်းကို ဆိုသည်၊

(ည) **လျှပ်စစ်ဓာတ်အားစနစ်** ဆိုသည်မှာ မဟာဓာတ်အားလိုင်းစနစ်နှင့် ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ်တို့ကို ဆိုသည်၊

(ဋ) **အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်၊

(ဌ) **အလတ်စားလျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထက်မှ ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်၊

(ဍ) **ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သူ** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ကို တည်ဆဲဥပဒေများနှင့်အညီ ရယူပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်သူနှင့် ထုတ်လုပ်ရောင်းချသူကို ဆိုသည်၊

(ဎ) **လျှပ်စစ်ဓာတ်အားသုံးစွဲသူ** ဆိုသည်မှာ တည်ဆဲဥပဒေများနှင့်အညီ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲသူကို ဆိုသည်၊

(ဏ) **လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုနိုင်သည့် လုပ်ပိုင်ခွင့်ကို ဆိုသည်၊

(တ) **ခွင့်ပြုမိန့်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရန် အစိုးရအဖွဲ့မှ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်၊

(ထ) **ခွင့်ပြုမိန့်ရရှိသူ** ဆိုသည်မှာ ဤဥပဒေပါ ခွင့်ပြုမိန့်အမျိုးအစားတစ်ခုခုနှင့်သက်ဆိုင်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်၊

(ဒ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရေးမှူးချုပ်မှ ထုတ်ပေးသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ မှတ်ပုံတင်လက်မှတ်ကို ဆိုသည်၊

(ဓ) **လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်၊

(န) **လျှပ်စစ်ပစ္စည်းအရည်အသွေးစစ်ဆေးချက်လက်မှတ်** ဆိုသည်မှာ လျှပ်စစ်ပစ္စည်းများကို သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေး၍ သတ်မှတ်အရည်အသွေးနှင့်ကိုက်ညီကြောင်း တွေ့ရှိရသဖြင့် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်၊

(ပ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်း** ဆိုသည်မှာ လျှပ်စစ်စူးစမ်းရှာဖွေခြင်း၊ လျှပ်စစ်ဓာတ်အားစနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်ဓာတ်အား ရောင်းဝယ်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ဖလှယ်ခြင်းလုပ်ငန်းတို့မှအပ အခြားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းကို ဆိုသည်၊

(ဖ) **လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်း** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုသော လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ဓာတ်အားလိုင်းများ၊ လျှပ်စစ်တိုင်းတာရေး ကိရိယာများ၏ ကြံ့ခိုင်မှုနှင့်စံချိန်စံညွှန်းစစ်ဆေးခြင်းကို ဆိုသည်၊

(ဗ) **လုပ်ငန်းခွန်** ဆိုသည်မှာ အလတ်စားနှင့်အသေးစားပုဂ္ဂလိကလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာပြည်တွင်းအခွန်များဦးစီးဌာနတွင် ပေးသွင်းရန် သတ်မှတ်ထားသော အခွန်အခကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မွန်ပြည်နယ်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်စေရန်၊

(ခ) အလတ်စားနှင့်အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်နှင့် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ပိုမိုအားပေးရန်၊

(ဂ) ပြည်တွင်းပြည်ပမှ အတတ်ပညာ၊ အရင်းအနှီးနှင့် စီးပွားရေးအခွင့်အလမ်းများရရှိစေရန်နှင့် လျှပ်စစ်စွမ်းအားဖြင့် လူနေမှုဘဝ တိုးတက်မြင့်မားစေရန်၊

(ဃ) လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာဖြင့် ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန်၊

(င) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်စေရန်၊

(စ) ခေတ်နှင့်လျော်ညီသော လျှပ်စစ်ဓာတ်အားခ နှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် မျှတသော၊ ပွင့်လင်းမြင်သာသော၊ ကျိုးကြောင်းဆီလျော်သော နည်းဥပဒေများ၊ စည်းမျဉ်းများ ရေးဆွဲပြဋ္ဌာန်းပေးနိုင်ရန်၊

(ဆ) လျှပ်စစ်ဓာတ်အား သုံးစွဲသူများသည် စံချိန်စံညွှန်းနှင့်ကိုက်ညီသော ဗို့အားနှင့်ကြိမ်နှုန်းရှိသည့် လျှပ်စစ်ဓာတ်အားကို အသုံးပြုခွင့်ရရှိစေရန်နှင့် စံချိန်စံညွှန်းမကိုက်ညီသော လျှပ်စစ်ဓာတ်အားကြောင့် သုံးစွဲသူများ၏ လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးရခြင်းမှ အကာအကွယ်ပေးနိုင်ရန်၊

(ဇ) မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များနှင့်အညီ လေးစားလိုက်နာဆောင်ရွက်မှုရှိစေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ကော်မတီကို အဖွဲ့ဝင်(၅)ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်။ လိုအပ်ပါက ကော်မတီအဖွဲ့ဝင်များကို ပြင်ဆင်ဖွဲ့စည်းနိုင်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ခွင့်ပြုမိန့်ရရှိသောလုပ်ငန်းရှင်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | ရပ်မိရပ်ဖတစ်ဦး | အဖွဲ့ဝင် |
| (င) | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ<br>ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အတွင်းရေးမှူး |

၅။ ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ အစိုးရအဖွဲ့သက်တမ်းနှင့်အညီ ဖြစ်သည်။

၆။ ဝန်ကြီးသည် ကော်မတီ၏ လုပ်ငန်းတာဝန်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ သတ်မှတ်နိုင်သည်။

၇။ ဝန်ကြီးသည် ကော်မတီ၏ လုပ်ဆောင်ချက်များကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း ပြုရမည်။

## အခန်း (၄)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မတီသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား လိုအပ်သော အကြံဉာဏ်များပေးနိုင်သည်။

၉။ ကော်မတီသည် ခေတ်နှင့်လျော်ညီသော လျှပ်စစ်ဓာတ်အားခနှုန်းထားများ သတ်မှတ်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ပေးနိုင်သည်။

၁၀။ ကော်မတီသည် ပြည်နယ်အတွင်း လျှပ်စစ်ကဏ္ဍအခြေအနေများကို ပြည်ထောင်စုလျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်နှိုင်းယှဉ်လေ့လာပြီး စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်း၊ ၎င်းတွေ့ရှိချက်များအရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအား လိုအပ်သလိုဆောင်ရွက်နိုင်ရန် အကြံဉာဏ်များပေးခြင်း၊ လျှပ်စစ်ဆိုင်ရာ နည်းပညာများ ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၁။ ကော်မတီသည် ပုဂ္ဂလိကကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သော အခြေအနေများ ဖန်တီးပေးရန်နှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ နည်းဥပဒေများကို လိုက်နာစေရန် ကြီးကြပ်ဆောင်ရွက်ပေးရမည်။

၁၂။ ကော်မတီသည် နိုင်ငံပိုင်အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့များ၊ အခြားဆက်စပ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်နိုင်သည်။

၁၃။ ကော်မတီသည် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ ဆောင်ရွက်ချက်များမှ ရရှိလာသည့် သတင်းအချက်အလက်များအနက် ပြည်သူလူထုသိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ရာတွင်လည်းကောင်း ပွင့်လင်းမြင်သာမှုရှိစွာ အသိပေးခြင်းနှင့်ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

၁၄။ ကော်မတီသည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အစိုးရအဖွဲ့သို့ အနည်းဆုံး (၆)လတစ်ကြိမ် တင်ပြရမည်။

၁၅။ ကော်မတီသည် အစိုးရအဖွဲ့က ပေးအပ်သော လျှပ်စစ်ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၁၆။ ကော်မတီသည် ခွင့်ပြုမိန့်ရရှိသူ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်းတွင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးရမည်။

၁၇။ ကော်မတီသည် စစ်ဆေးတွေ့ရှိချက်များအရ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှုမရှိကြောင်း တွေ့ရှိပါက ခွင့်ပြုမိန့်ရရှိသူအား အောက်ပါအတိုင်း လိုက်နာဆောင်ရွက်စေရမည် -

(က) ပြန်လည်စစ်ဆေးမှုကို ခံယူစေခြင်း၊

(ခ) ပြန်လည်စစ်ဆေးခံချက်အရ လိုအပ်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်စေခြင်း၊

(ဂ) ပညာပေးမှုခံယူခြင်း။

၁၈။ ကော်မတီသည် လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို ချမှတ်နိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၉။ ကော်မတီသည် အစိုးရအဖွဲ့မှ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို ခွင့်ပြုမိန့်ရရှိသူများ သိရှိနိုင်ရန် ဆောင်ရွက်ရမည်။

၂၀။ ကော်မတီသည် ဒေသအလိုက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လိုအပ်သော ပမာဏနှင့်အညီ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ တိုးချဲ့ခြင်း၊ ကန့်သတ်ခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၁။ ကော်မတီသည် လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှု မရှိစေရန်နှင့် လူထုကျန်းမာရေးဆိုင်ရာကိစ္စရပ်များ လုံခြုံမှုရှိစေရန်အတွက် အလေးထားကြီးကြပ်ရမည်။

၂၂။ ကော်မတီသည် ခွင့်ပြုမိန့်ရရှိသူများအကြားသော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိသူများနှင့်လျှပ်စစ် သုံးစွဲသူများအကြားသော်လည်းကောင်း၊ လျှပ်စစ်သုံးစွဲသူများအကြားသော်လည်းကောင်း ဖြစ်ပေါ်တတ်သော ပြဿနာများကို ပြေလည်မှုရရှိရန် ညှိနှိုင်းကူညီဆောင်ရွက်ပေးရမည်။

၂၃။ ကော်မတီသည် ခွင့်ပြုမိန့်ရရှိသူများအား လုပ်ငန်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အခွင့်အရေးများ အပြည့်အဝခံစားမှု ရရှိရန် ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ပေးခြင်း၊ ထိန်းကျောင်းပေးခြင်းပြုရမည်။

## အခန်း (၅)
## ခွင့်ပြုမိန့်ထုတ်ပေးသူ၏တာဝန်များ

၂၄။ အစိုးရအဖွဲ့သည် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းတို့ကို ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း ပြုနိုင်သည်။ ငြင်းပယ်ပါက ငြင်းပယ်ကြောင်း လျှောက်ထားသူအား ပြန်ကြားရမည်။

၂၅။ ခွင့်ပြုမိန့်ထုတ်ပေးရန် စိစစ်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး လျှပ်စစ်ဆိုင်ရာ လုပ်ငန်း၏ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုနှင့်ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်မှုတို့ကို အခြေခံစိစစ်ရမည်။

၂၆။ အစိုးရအဖွဲ့သည် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် လုပ်ကိုင်ခွင့်သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်း တိုးမြှင့်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ရမည်။

၂၇။ ခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုမိန့်လုပ်ငန်းကို အခြားအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်ခြင်း၊ အခြား အဖွဲ့အစည်းများသို့ လုပ်ငန်းလွှဲပြောင်းခြင်း၊ ခွင့်ပြုမိန့်ပါလုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ပြုလုပ်လိုကြောင်း လျှောက်ထားလာသည့်အခါ အစိုးရအဖွဲ့သည် စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၈။ အစိုးရအဖွဲ့သည် ပုဒ်မ ၂၄ အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုလျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းများနှင့်ဆက်စပ်ပါက ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

၂၉။ အစိုးရအဖွဲ့သည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် -

(က) အသုံးပြုရန် လိုအပ်သော မြေပမာဏကို တည်ဆဲဥပဒေများနှင့်အညီ ရယူအသုံးပြုခွင့် ရှိသည်၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်သက်ရောက်မှုတို့ကို ဆန်းစစ်ခြင်း၊ ထိခိုက်မှုအနည်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ ထိခိုက်မှုများအတွက် ပြန်လည်ပေးလျော်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထည့်ဝင်ခြင်းတို့ကိုဆောင်ရွက်ရမည်။ ယင်းအချက်များကို ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူများလည်း လိုက်နာစေရန် ဆောင်ရွက်ရမည်၊

(ဂ) လျှပ်စစ်ဓာတ်အားစနစ်အတွင်း တည်ဆောက်အသုံးပြုနေသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် ပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများနှင့်ဆက်စပ်အဆောက်အအုံ များကို တည်ဆဲဥပဒေများနှင့်အညီ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ပြောင်းရွှေ့တည်ဆောက်ခြင်းတို့ ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၆)
## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ

၁၀။ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ခုခုကို ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် အစိုးရအဖွဲ့ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၁။ ခွင့်ပြုမိန့်ရရှိသူသည် စစ်ဆေးရေးမှူးချုပ်ထံမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ရရှိမှသာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိသည်။

၁၂။ ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါလုပ်ငန်းကို အခြားအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်ခြင်း၊ အခြားအဖွဲ့အစည်းများသို့ လုပ်ငန်းလွှဲပြောင်းခြင်း၊ ခွင့်ပြုမိန့်ပါလုပ်ငန်းတစ်ခုကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ပြုလုပ်လိုပါက အစိုးရအဖွဲ့ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၃။ ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၁၄။ ခွင့်ပြုမိန့်ရရှိသူသည် ဤဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း၊ သတ်မှတ်ထားသည့် အရည်အသွေးနှင့်စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် သော်လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်ပွားစေပါက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအရ တာဝန်ရှိစေရမည်။

၃၅။ ခွင့်ပြုမိန့်ရရှိသူသည် မိမိပေါ့ဆစွာဆောင်ရွက်မှုကြောင့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်း တစ်ခုခုကို ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ပွားစေပါက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအရ တာဝန်ရှိစေရမည်။

၃၆။ ခွင့်ပြုမိန့်ရရှိသူများ ဆောင်ရွက်နေသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ရပ်ရပ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပါအဝင် မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုခုကြောင့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများဖြစ်ပွားစေပါက ဥပဒေအရ တာဝန်မရှိစေရ။

၃၇။ ခွင့်ပြုမိန့်ရရှိသူသည် မိမိလုပ်ငန်းနှင့်သက်ဆိုင်သော အလတ်စား သို့မဟုတ် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် စစ်ဆေးရေးမှူးချုပ်မှတစ်ဆင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားရမည်။

၃၈။ ခွင့်ပြုမိန့်ရရှိသူသည် သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ကြေးကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနငွေစာရင်းသို့ ပေးသွင်းရမည်။

၃၉။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ငန်းအား ဆက်လက်လုပ်ကိုင်လိုပါက မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်မီ ရက်(၃၀) ကြိုတင်၍ သက်တမ်းတိုးရန် သက်ဆိုင်ရာဌာနမှတစ်ဆင့် စစ်ဆေးရေးမှူးချုပ်သို့ လျှောက်ထားရမည်။

၄၀။ ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုးလျှောက်ထားသည့်အခါတွင် သက်ဆိုင်ရာပြည်တွင်းအခွန်များဦးစီးဌာန၏ လုပ်ငန်းခွန်ပေးသွင်းပြီးကြောင်း ထောက်ခံစာနှင့်အတူ ပူးတွဲတင်ပြရမည်။

၄၁။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ငန်းရပ်သိမ်းလိုပါက အစိုးရအဖွဲ့ထံတွင် ရပ်သိမ်းခွင့်ကို သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားသည့်အခါတွင် သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာန၏ လုပ်ငန်းခွန်ပေးသွင်းပြီးကြောင်း ထောက်ခံစာနှင့်အတူ ပူးတွဲတင်ပြရမည်။

၄၂။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ပိုင်ခွင့်ကာလ ကုန်ဆုံးချိန်တွင် ပြန်လည် လွှဲပြောင်းပေးရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူလအခြေအနေအတိုင်းသော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိစဉ်က စည်းကမ်းချက်များအရသော်လည်းကောင်း၊ သဘောတူညီထားသည့်အတိုင်း သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်။

၄၃။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) လျှပ်စစ်ဓာတ်အားစူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းများတွင် -

(၁) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၌ လျှပ်စစ်ဆိုင်ရာ လုပ်ကိုင်ခွင့်ပြုမိန့်အရ သတ်မှတ်ထားသည့်လျှပ်စစ်ဓာတ်အားကိုသာ ထုတ်လုပ်ရမည်၊

(၂) လျှပ်စစ်ဓာတ်အား တိုင်းတာရေးပစ္စည်းကိရိယာများ၊ အကာအကွယ်ပြုပစ္စည်းကိရိယာများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တပ်ဆင်ထိန်းသိမ်း အသုံးပြုရမည်။

၄၄။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လျှပ်စစ်အန္တရာယ်မတော်တဆဖြစ်ပေါ်ခဲ့လျှင် ခွင့်ပြုမိန့်ရရှိသူနှင့်လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်ရရှိသူတို့သည် စစ်ဆေးရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနတာဝန်ခံထံ အမြန်ဆုံးအကြောင်းကြားရမည်။

၄၅။ ခွင့်ပြုမိန့်ရရှိသူသည် လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်းများတွင် စည်းကမ်းသတ်မှတ်ချက်များနှင့် အညီရှိစေရေး၊ အန္တရာယ်ကင်းရှင်းရေးအတွက် ကော်မတီ၏ အခါအားလျော်စွာ စစ်ဆေးခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းတို့ကို ခံယူရမည်။

၄၆။ ခွင့်ပြုမိန့်ရရှိသူသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်းများတွင် သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ ကော်မတီ၏ သတိပေးခြင်း၊ ထိန်းကျောင်းခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ခံယူရမည်။

၄၇။ ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုချက်များနှင့်အညီ ပုံမှန်ထုတ်လုပ်ဖြန့်ဖြူးနေသော လျှပ်စစ်ဓာတ်အား ပမာဏကို တိုးချဲ့ခြင်း သို့မဟုတ် လျှော့ချခြင်း ဆောင်ရွက်လိုပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် ပြည်ထောင်စု စက်မှုဝန်ကြီးဌာနသို့ တင်ပြ၍ ပြောင်းလဲထုတ်လုပ်နိုင်သည်။

၄၈။ ခွင့်ပြုမိန့်ရရှိသူများသည် လုပ်ငန်းပြဿနာများကို ကူညီဖြေရှင်းရန် လိုအပ်ပါက ကော်မတီသို့ တင်ပြတောင်းဆိုနိုင်သည်။

## အခန်း(၇)
## ခွင့်ပြုမိန့်ထုတ်ပေးသူ၏ အရေးယူပိုင်ခွင့်

၄၉။ ခွင့်ပြုမိန့်ထုတ်ပေးသူသည် ခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုမိန့်ပါ စည်းကမ်းချက် သို့မဟုတ် သက်ဆိုင်ရာက ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ထိုသူကို အောက်ပါ အရေးယူမှုတစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

## အခန်း (၈)
## တားမြစ်ချက်များ

၅၀။ မည်သူမျှ ခွင့်ပြုမိန့်မရှိဘဲ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၅၁။ မည်သူမျှ ခွင့်ပြုမိန့်ပါလုပ်ငန်းကို အခြားအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်ခြင်း၊ အခြားအဖွဲ့အစည်းများသို့ လုပ်ငန်းလွှဲပြောင်းခြင်း၊ ခွင့်ပြုမိန့်ပါလုပ်ငန်းတစ်ခုကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်းနှင့်ပေးကမ်းခြင်းတို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ခြင်း မပြုရ။

၅၂။ မည်သူမျှ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းမပြုဘဲ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၅၃။ မည်သူမျှ မှတ်ပုံတင်လက်မှတ်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်း မပြုရ။

၅၄။ မည်သူမျှ ခွင့်ပြုမိန့်ရရှိထားသူ၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်တီးခြင်း၊ အသုံးပြုခြင်း မပြုရ။

၅၅။ တာဝန်ရှိသူမှအပ မည်သူမျှ လျှပ်စီးကြောင်း လွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့် လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းမပြုရ။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၆။ မည်သူမဆို ပုဒ်မ ၅၀၊ ၅၁၊ ၅၂၊ ၅၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၇။ မည်သူမဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၈။ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိချမှတ်ရမည်။ ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၉။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာပြစ်မှုပါ ပြစ်ဒဏ်အတိုင်း ချမှတ်ရမည်။

## အခန်း (၁၀)
## အထွေထွေ

၆၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၁။ အလတ်စားနှင့်အသေးစားပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း ခွင့်ပြုမိန့်ရရှိသူများသည် လိုအပ်သည်များကို ကော်မတီသို့တင်ပြနိုင်ရန် မြို့နယ်အလိုက် အလတ်စားနှင့်အသေးစားပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းရှင်များအသင်းကို ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြပြီး အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

၆၂။ အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းရှင်များသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၆၃။ ဤဥပဒေသည် မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အလတ်စားနှင့်အသေးစားအဆင့် ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ခွင့်များနှင့်သော်လည်းကောင်း၊ ယင်းလုပ်ငန်းများကို လျှပ်စစ်ဖြန့်ဖြူးသုံးစွဲရေးဆိုင်ရာနှင့်သော်လည်းကောင်း၊ အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရန် စစ်ဆေးခြင်း၊ ခွင့်ပြုခြင်း၊ ကန့်သတ်ခြင်းများနှင့် သက်ဆိုင်စေရမည်။

၆၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ နည်းဥပဒေကို ထုတ်ပြန်ရမည်၊

(ခ) ဝန်ကြီး၏ အတည်ပြုချက်ဖြင့် စည်းမျဉ်းစည်းကမ်းများကို လည်းကောင်း၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

မင်းမင်းဦး
ဝန်ကြီးချုပ်
ပြည်နယ်အစိုးရအဖွဲ့

## မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်အလတ်စားနှင့်အသေးစား

# ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ

# ဥပဒေ

**(၂၀၁၆ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄။)**

7.10.2016

# မွန်ပြည်နယ်အလတ်စားနှင့်အသေးစား
# ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ ဥပဒေ
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| ၂။ | အခန်း(၁) | |
| | အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ - ၃ |
| ၃။ | အခန်း(၂) | |
| | ရည်ရွယ်ချက်များ | ၃ - ၄ |
| ၄။ | အခန်း(၃) | |
| | ကော်မတီဖွဲ့စည်းခြင်း | ၄ - ၄ |
| ၅။ | အခန်း(၄) | |
| | ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၄ - ၆ |
| ၆။ | အခန်း(၅) | |
| | ခွင့်ပြုမိန့်ထုတ်ပေးသူ၏ တာဝန်များ | ၆ - ၇ |
| ၇။ | အခန်း(၆) | |
| | ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ | ၇ - ၉ |
| ၈။ | အခန်း(၇) | |
| | ခွင့်ပြုမိန့်ထုတ်ပေးသူ၏ အရေးယူပိုင်ခွင့် | ၉ - ၉ |
| ၉။ | အခန်း(၈) | |
| | တားမြစ်ချက်များ | ၉ - ၁၀ |
| ၁၀။ | အခန်း(၉) | |
| | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၁၀ - ၁၀ |
| ၁၁။ | အခန်း(၁၀) | |
| | အထွေထွေ | ၁၁ - ၁၁ |